**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီ နေပြည်တော်စာပေဝိုင်းမှ**

**စာရေးဆရာ/ဆရာမကြီးများအား လက်ခံတွေ့ဆုံ**

နေပြည်တော် ဇွန် ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ သည် နေပြည်တော်စာပေဝိုင်း၏ နာယကအဖွဲ့ဝင် စာရေးဆရာ ဦးကြည်သိန်း (ကဖိုးကျင်) ဦးဆောင်သည့် စာရေးဆရာ/ဆရာမကြီးများအား ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးကျင်းပနေမှုအခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့စဉ်လှုပ်ရှားမှုများကို ပြည်သူများပိုမိုသိရှိနိုင်စေရန် ဆောင်ရွက်နေမှုများ၊ ဥပဒေပြုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး စာရေးဆရာ/ ဆရာမကြီးများမှလည်း သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်